ျင်ရဲမြောင်ကျေးရွာ
ကုန်းကြီးကျေးရွာအုပ်စု၊မင်းလှမြို့နယ်
မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊တောင်ဦးကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မင်းလှမြို့နယ်၏အကူအညီဖြင့်ရေးဆွဲပါသည်။)

ဩဂုတ်လ ၊၂၀၂၄

<u>မာတိကာ</u>

၁။ စကားချီး

၂။ သယံဇာတပြဖြေပုံ

၃။ ရာသီခွင်ပြ ပြက္ခဒိန်

၄။ အဖွဲ့အစည်းများပြပုံ

၅။ တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ၊ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား - မဆိုင်ရာ ဆက်နွယ်မှု

၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

(ခ) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်စီမံခန့်ခွဲမှု

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး

(ဇ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ

၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) - ဖွံ့ဖြိုးရေးဗျူဟာများ

နောက်ဆက်တွဲ(၂) - ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၉။ စီမံချက်အဆိုပြုလွှာ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄/၂၅ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၉ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဂျင်ရဲမြောင်ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည်လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီးလုပ်ငန်း ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ပြုပြင်

ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန် အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ၊မင်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင် လည်းကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


သြဂုတ်လ၊၂၀၂၄ခုနှစ်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ


ဂျင်ရဲမြောင်ကျေးရွာ

မင်းလှမြို့နယ်


သယ်ဇောတပြမြေပုံ



ရာသီခွင်ပြ ပြကွဒိန်


ရာသီခွင်ပြ ပြကွဒိန်
ရာသီခွင်ပြ ပြကွဒိန် မကွေးတိုင်းဒေသကြီးမြေ လှုပ်ရှိ့နှင်းယင် ကုန်းကြီး ခုနှစ်ရေ ဂျင်ရဲ့ခြောင်ကျေးရွာ
အဖြစ်အပျက် တန်ခူး ကဆုန် နယုန် ဝါဆို ဝါခေါင် တော်သလင်း သီတင်းကျွတ် နို့တော် ဆောင်မုန်း နတ်တော် ပြာသို တပို့တွဲ တန်ခူး
ရာသီဥတု
ဒဏ်ရာပြဿနာ
ဒဏ်ရာရသူ
ဆေးရွေးလိုအပ်ခြင်း
ဝမ်းစာ ပူ ရေ့ပူ
သားလိမ်းရောဂါ
တိရစ္ဆာန်အစာ ပျို့ဖြူ
တိရစ္ဆာန်ရောဂါဖျားနာမှု
ကျန် မတော်တဆ
သီးနှံပျို့ကြီးကျခြင်း
ပွဲတော်
သဘာဝသေး ဘဂ္ဂ ကွယ်ပါ

အဖွဲ့အစည်းများပြပုံ


အဖွဲ့အစည်း များပြပုံ
မ ကွေး တိုင်းဒေသကြီး မင်း လှမြို့နယ် ကုန်းကြီး အုပ်စု ကျင်ရဲမြောင်ကျေး ရွာ
မွဲဖြိုးရေးအဖွဲ့ အဝစည်း များပြပုံ
၁ . အုပ်စုပြန်ရေးအဖွဲ့.
၂ . ရှင်မီ ရှယ်ဖအဖွဲ့
၃ . ကျေးရွာ ပွဲ့ပြိုးရေးကော်မတီ
၄ . လမ်း ကော်မတီ
၅ . ကျောင်းအကျိုးတော်ဆောင်
၆ . သမဒအဖွဲ့
၇ . ဂေါပက
၈ . ဝက်ရှယ် အသင်း
၉ . အမျိုး သမီး ရေးရာ
၁၀ . မီဝင် နွင့်ကလေး
၁၁ . လူငယ် အဖွဲ့ အစည်း
၁၂ . အာရုံ မီး သတ်တပ်ဖွဲ့.
၁ . တည်နေရာ မထိခိုက်အနေအထားနှင့် သဘာဝအရင်းအမြစ် များ

၅။ <u>တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ</u>

ကျင်ရဲမြောင်ကျေးရွာသည် ကုန်းကြီးကျေးရွာအုပ်စုတွင် ပါဝင်ပြီး မင်းလှမြို့မှ(၇) မိုင်ခန့် ကွာဝေးပါသည်။ ကျေးရွာ၏မြေအနေအထားမှာ ရွာတန်းရှည်ပုံစံဖြစ်ပြီး ရွာ၏ဘေးပတ်လည်တွင် ယာမြေများရှိသည်။ ရွာ၏တောင်ဘက်တွင် တောင်ကုန်းတောင်တန်းများရှိပါသည်။ မိုးရာသီတွင် ကျေးရွာတွင်းရှိ လမ်းများမှာ ရွံ့ဗွက်များ ထူထပ်ခြင်းကြောင့် သွားလာရေး ခက်ခဲပါသည်။ အဓိကထွားရသော စိုက်ပျိုးသီးနှံများမှာ ပဲ၊ နှမ်း၊ စပါးနှင့် ဝါသီးနှံစိုက်ပျိုးပါသည်။ ကျေးရွာသည် အပူပိုင်းဒေသတွင် တည်ရှိသောကြောင့် နှစ်စဉ်ရာသီဥတုမမှန်၍ တောင်သူလယ်သမားများ အတွက် အခက်အခဲကြုံတွေ့ရပါသည်။

ကျင်ရဲမြောင်ကျေးရွာသည် ပဲအနည်းငယ်နှင့် နှမ်းထွက်ရာဒေသဖြစ်ပါသည်။ ကျင်ရဲမြောင်ကျေးရွာတွင် ယာမြေအနည်းငယ်သာရှိပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူများမှာ အဓိကထားစိုက်ပျိုးကြပါသည်။ သဘာဝဆေးဖက်ဝင် အပင်များမရှိသလောက် ရှားပါးပြီး အသိပညာနည်းပါးခြင်းကြောင့် အသုံးပြုနိုင်မှုမှာ နည်းပါးပါသည်။ ကျေးရွာတွင် စားကျက်မြေများ မြေလွတ်မြေရိုင်းများ ကျယ်ပြန့်စွာ တည်ရှိပါသည်။

၆။ <u>ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ</u>

(က) **လူဦးရေဆိုင်ရာ အချက်အလက်များ**

ကျင်ရဲမြောင်ကျေးရွာသည် အိမ်ထောင်စုပေါင်း(၂၂၅)စု ၊ ကျား(၃၂၈)၊ မ(၃၂၅)ဦး ပေါင်း(၆၅၃)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၃)ရှိပါသည်။ ကျေးရွာတွင်နေထိုင်သူများမှာ ဗမာလူမျိုးများဖြစ်ပြီးဗုဒ္ဓဘာသာ ဝင်များ ဖြစ်ကြပါသည်။ လူငယ်များပေါများပြီး လူငယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီးဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်မည် ဖြစ်ပါသည်။

(ခ) **စီးပွားရေးအခြေအနေ ၊ ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျင်ရဲမြောင်ကျေးရွာရှိ ကျေးရွာသူ/ ကျေးရွာသားများ ကိုယ်တိုင်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုမှာ ကျွန်တော်တို့၏ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲ ၊ ချမ်းသာမျှတမှုရှိပါသည်။ အိမ်ထောင်စု (၂၂၅)စု၏ (၂၀%)ခန့်မှာ ပြေလည်မှုရှိပါသည်။

ဆင်းရဲသည်ဟု သတ်မှတ်သူများသည် မြေယာမဲ့များနှင့် ကျဘမ်း အလုပ်သမားများဖြစ်ပါသည်။ အိမ်အခြေအနေ မှာ သက္ကယ်မိုး ၊ ထရံကာ လေးပင်အိမ်နှင့် သုံးပင်အိမ်အမျိုးအစားများ ဖြစ်ပါသည်။

ချမ်းသာသော မိသားစုများသည် ယာမြေအနည်းငယ် ပိုင်ဆိုင်သူများ ဖြစ်ပါသည်။ ကျေးရွာအနီးတွင် တပ်ပိုင်နယ်မြေများ သိမ်းယူထားသဖြင့် မြေယာပိုင်ဆိုင်မှုမှ အနည်းငယ်သာရှိပါသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု အနေအထားကြောင့် စီးပွားရေး အဆင့်အတန်း ဆင်းရဲ၊ ချမ်းသာ မျှတမှုရှိပါသည်။ ကျေးရွာရှိလူငယ်အများစုမှာ ပိုမို ကောင်းမွန်သောဝင်ငွေ ရရှိရန် ပြည်တွင်းပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်ကြပါသည်။

(၈) **ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ထိခိုက်လွယ်သောမိသားစုများသည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၊ သက်ကြီးရွယ်အိုများ၊ မြေယာမဲ့များ ၊ ကျပန်းအလုပ်သမားများ အဆင်ရဲဆုံးတောင်သူများဖြစ်ကြပါသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းပိုင်ဆိုင်မှုများနှင့် စားဝတ်နေရေး အဆင်မပြေသော မိသားစုများ ဖြစ်ကြပါသည်။ ကျေးရွာရှိ ဆင်းရဲသော မိသားစုများနှင့် လူငယ်အများစုမှာ ဝင်ငွေပိုမိုရရှိရန် ပြည်တွင်းပြည်ပသို့ သွားရောက်လုပ်ကိုင်ကြရပါသည်။ ကျေးရွာအတွင်း ထိခိုက်လွယ်သော မိသားစုများရှိသော်လည်း သားသမီးတို့၏ အထောက်အပံ့မှု၊ ရပ်ဆွေရပ်မျိုးတို့၏ ကူညီထောက်ပံ့မှုတို့ကြောင့် ၎င်းအိမ်ထောင်စုတို့မှာ ထိခိုက်လွယ်မှု အခြေအနေမှာ ပုံမှန်အဆင့်သာရှိပါသည်။

(ဃ) **ကျန်းမာရေးနှင့် အဟာရ**

ဂျင်ရဲမြောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိပါ။ ကုန်းကြီး ကျန်းမာရေး ဆေးပေးခန်းအား မှီခိုနေရပါသည်။ရာသီအလိုက် ဖျားနာခြင်း ၊ အအေးမိတုပ်ကွေး ၊ ဆီးချို ၊ သွေးချို ၊ လေးဘက်နာ ၊ လေဖြတ် ရောဂါ များ ၊ အသက်ရှူလမ်းကြောင်းမှ ကူးစက်ရောဂါများ ဖြစ်လေ့ဖြစ်ထရှိပြီး ဇွန်လနှင့် သြဂုတ်လမိုးရာသီတွင် ဌက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးများ အဖြစ်များပါသည်။ လိုအပ်ပါက ကျေးရွာနှင့် (၈)မိုင် ဝေးကွာသော မင်းလှမြို့နယ် ဆေးရုံ ဆေးခန်းများသို့ သွားရောက်ရပါသည်။ ကျေးရွာတွင် လက်တူးတွင်းများရှိပြီး နွေ၊ မိုး၊ ဆောင်း ရေလုံလောက်မှုရှိသည်ကို တွေ့ရှိရပါသည်။

(ငါ) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျင်ရဲမြောင်ကျေးရွာ၏ သက်ကြီးရွယ်အိုများသည် ဘုန်းကြီးကျောင်းထွက်များဖြစ်ပြီး အခြေခံအရေးအဖတ်အတွက် အချက်များ တက်မြောက်ကြပါသည်။ အတန်းပြီးမြောက်မှုမှာ မူလတန်းအဆင့်တွင် ကျား(၁၉၁) မ(၁၉၉)ဦး ပေါင်း (၃၉၀)ဦး အလယ်တန်းအဆင့်တွင် ကျား(၃၁)ဦး မ(၁၈)ဦး ပေါင်း(၄၉)ဦး အထက်တန်းအဆင့်ရှိဦးရေ ကျား(၂၇)ဦး မ(၃၃)ဦး၊ ပေါင်း(၆၀)ဦး၊ တက္ကသိုလ်ကောလိပ်ဘွဲ့ရပြီးသူဦးရေ ကျား(၃)ဦး မ(၃)ဦး ၊ပေါင်း(၆)ဦး တို့ရှိပါသည်။

(စ) **ကျား - မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ Universal Declaration of Human Rights စာတမ်းနှင့်အညီ လွတ်လပ်မှုရှိပါသည်။ ကျား-မရေးရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံချိန်စံနှုန်းများသတ်မှတ်ထားပါသည်။ ကျေးရွာတွင် ကျား-မ ပြင်းထန်သော အကြမ်းဖက်မှုများခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသမီးများအတွက် ပညာသင်ယူမှုအပိုင်းမှာ အမျိုးသားများနှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရရှိပါသည်။ ဥပမာအားဖြင့် - အလုပ်တစ်ခုတွင် လုပ်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လျော့နည်းပြီး ရရှိကြပါသည်။ လုပ်အားခ သတ်မှတ်ရာတွင် ကျား-မ မတူညီမှုကလွဲ၍ ကျန်သောအခွင့်အရေးများကို တန်းတူရရှိကြပါသည်။

၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျင်ရဲမြောင်ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေး တွင်ဂေါပကအဖွဲ့၊ရပ်မိရပ်ဖအဖွဲ့၊ မြစိမ်းရောင်ကော်မတီအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ မီးကော်မတီအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ စံပြပရဟိတအဖွဲ့ စသည်တို့ဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းများမှ ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့် ပတ်သက်၍ အသင့်အတင့်ရှိပြီး ၊ အဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ရေးသင်တန်းများကို ကျေးရွာသို့လာရောက်ပို့ချပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ

စီမံအုပ်ချုပ်မှုနှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား စည်းလုံးညီညွတ်မှုတို့ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါ သည်။

(ခ) **သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ**

ကျင်ရဲမြောင်ကျေးရွာတွင် နွမ်း ၊ ဝါ ၊ ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြပါသည်။မိုးရေကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင်တောင်သူ (၆၈၀)ရှိ၍ စိုက်ပျိုးဧကမှာ (၇၈၉)ဧက ရှိပါသည်။ နွမ်း၊ ပဲစဉ်းငုံ၊ မိုးမြေပဲ သီးနှံများအား ကဆုန်၊ နယုန်လတွင် စိုက်ပျိုးကြပြီး စပါးကို ဝါဆိုလတွင် စိုက်ပျိုးကြပါသည်။ပဲကြီး၊ ကုလားပဲ၊ ဝါ သီးနှံများအား သီတင်းကျွတ်လတွင် စိုက်ပျိုးပါသည်။ နှစ်စဉ်ရာသီဥတု ဖောက်ပြန်သောကြောင့် သီးနှံအထွက်နှုန်း လျော့ကျပါသည်။ ထွန်ယက်ရန် ထွန်စက် ပိုင်ရှင်များထံတွင် ငွားရမ်းအသုံးပြုရပါသည်။ ငွေကြေးမလုံလောက်၍ ချေးငွေယူ လုပ်ကိုင်ကြရသည်။ လုပ်သားရှားပါးသောကြောင့် ငှားရမ်းလုပ်ကိုင်ရပါသည်။ ပဲကြီး ၊ ကုလားပဲနှင့် နွမ်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်မှု ပိုမိုတွေ့ရပြီး ၊ ယင်းဖျက်ပိုးသည် ပိုးသတ်ဆေးအချို့အား ခံနိုင်ရည်ရှိသဖြင့် တောင်သူများသည် ထိရောက်စွာ နှိမ်နင်း နိုင်သော နည်းစနစ်ကို လိုလားကြပါသည်။ မိသားစုများမှာ မွေးမြူရေးလုပ်ငန်းအား တစ်ပိုင်၊ တစ်နိုင်သာ မွေးမြူကြပါသည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာကို မင်းလှမြို့မှ လက်လီလက်ကား ဝယ်ယူရရှိပါသည်။

(ဂ) **စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျင်ရဲမြောင်ကျေးရွာတွင် အိမ်တွင်းလက်မှုလုပ်ငန်း အနည်းငယ်ရှိပါသည်။ လက်ယက်ကန်း၊ စက်ချုပ်လုပ်ငန်း ၊နေ့စားအလုပ်များမှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စျေးရောင်း ခေါင်းရွက်ဗျတ်ထိုး ၊အစိုးရဝန်ထမ်း လုပ်ငန်းတို့ကိုလုပ်ကိုင်ကြပါသည်။ အခြားလုပ်ငန်း အများစုမှာ ရာသီဥတုအလိုက် လုပ်ကိုင်ရသောကြောင့် အဆင်ပြေမှု လျော့နည်းသည်။ မြေယာမဲ့လက်လုပ် ၊ လက်စားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင် ရှားပါးပြီး ဝင်ငွေမမှန်ခြင်းကြောင့် တစ်ချို့မှာ တနယ်တကျေးဖြစ်သော ပြည်တွင်း ၊ ပြည်ပသို့ အလုပ်လုပ်ကိုင်ကြရသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားသောကြောင့် ကျေးရွာ၏ အလားအလာကောင်းများ တစ်ရပ်ဖြစ်ကြသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်း

ကြောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများ ရှိကြသည်။ စက်ချုပ်၊ ဇာထိုး ၊ ပန်းထိုး ၊ ဆံပင်မိတ်ကပ်၊ အလှပြင်၊ မုန့်လုပ်နည်း ၊ဆိုင်ကယ်ပြုပြင်ခြင်း၊ မိုဘိုင်းဖုန်းပြုပြင်ခြင်း၊ တွင်ခုံ၊ ဝပ်ရော့ စသည့် အသက်မွေးဝမ်းကြောင်းသင်တန်းများနှင့် ရွာသားအများစုသည် အတွေ့အကြုံနည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ်နိမ့်ကြပြီး သင်တန်းစရိတ် အကုန်အကျ ခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြ၍ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ စက်ချုပ် ၊ စက်ပြင်သောသင်တန်းများကို အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားနိုင်ကြသည်။

(ဃ) **ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

ကျင်ရဲမြောင်ကျေးရွာတွင် စိုက်ပျိုးသီးနှံများ ဖူးပွင့်လာသည့်အချိန်တွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံဓါတုဆေးဝါးများ သုံးစွဲမှုများပြားသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ်တွေ့ကြုံခံစားရပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထားရသောကြောင့် တောင်သူများမှာ ရာသီဥတုမမှန်ခြင်း ၊ စိုက်ပျိုးရေးလုံလောက်မှုမရှိခြင်း စသည်တို့ကို ကြုံတွေ့ရပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ တောတောင်ရေမြေများ ၊ သစ်တောသစ်ပင်များကို စနစ်တကျ စိုက်ပျိုးရန် ၊ စနစ်ကျသော စီမံခန့်ခွဲမှု နည်းပညာများ သင်ယူစေခြင်းဖြင့်တော ၊ တောင်ရေမြေနှင့် သဘာဝပါတ်ဝန်းကျင်များကိုပါ အလိုအလျောက်ထိန်းသိမ်းပေးရာရောက်စေပါမည်။

(c) **ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျင်ရဲမြောင်ကျေးရွာ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသော ချေးငွေများကို တစ်လအတိုးနှုန်း ၊ တစ်ဧကတစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး (၁၀)ဧကအတွက် ချေးယူနိုင်ကြသည်။ စိုက်ပျိုးရေးဘဏ်မှ ချေးယူနိုင်

သော်လည်း ပုံစံ(၇)တင်ပြနိုင်မှသာလျှင် ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေရရှိနိုင်မှု မရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အခြားချေးငွေရရှိနိုင်မှု မရှိသဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ရွာတွင် ငွေတိုးချေးစားသူများထံမှ အတိုးနှုန်း ၁၀%နှုန်းဖြင့် ချေးယူကြရသည်။ ကျေးရွာသားများသည် ချေးငွေများကို အကြောင်း အရင်းမျိုးစုံ ၊ ရိက္ခာ ၊ ကျန်းမာရေး ၊ ပညာရေးတို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြရသဖြင့် ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု များအနေဖြင့် မိတ်ဆွေမိသားစုထံမှ (၃%) နှုန်းဖြင့် ချေးယူရကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများထံမှ ချေးငွေရယူခြင်း တို့ကိုလည်း တွေ့ရပါသည်။

(စ) **ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ဂျင်ရဲမြောင်ကျေးရွာတွင် ပညာရေးအနေဖြင့် အထက်တန်းကျောင်းခွဲ အဆင့်ရှိပါသည်။ ကျောင်းဆောင်လုံလောက်မှု မရှိပါ။ ကျောင်းတွင်လည်း ကျောင်း ပရိဘောဂ ၊ ကစားကွင်း ၊ သင်ထောက်ကူပစ္စည်းများ မရှိသည်ကို တွေ့ရသည်။ ကျောင်းသားဦးရေနှင့် ဆရာဦးရေအချိုးမှာ အတန်းလိုက်အားဖြင့် ညီမျှမှုရှိသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ကျေးရွာရှိ လူကြီးအများစုသည် စာရေးတတ် ၊ ဖတ်တတ်ကြသည်ကို တွေ့ရှိရပါသည်။ စာမတတ်သူမရှိရဟူသော နိုင်ငံတော်၏ စီမံချက်ကြောင့် (အသုံးလုံး) သင်တန်းများ၏ အကျိုးကျေးဇူးကြောင့် တစ်ရွာလုံး စာရေးတတ် ၊ ဖတ်တတ်ကြပါသည်။ ကျေးရွာရှိ လူအများစုသည် မူလတန်းအဆင့် သာရှိသော ကြောင့် ဗဟုသုတ နည်းပါးကြသည်။ ကျေးရွာရှိ လက်ရှိအနေထားတွင် ကေဂျီတန်းမှ တက္ကသိုလ် ကောလိပ်အထိ ပညာသင်ကြားနေသူ (၁၆၀)ယောက် ရှိပါသည်။ ကျေးရွာ၏ တိုးတက်မှုမှာ ပညာရေးသည် အဓိကဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပညာရေးကဏ္ဍ အတွက် အခြေခံအဆောက်အဦး ၊ ပရိဘောဂ ၊ ကစားကွင်း ၊ ရေလုံအိမ်သာ ၊ သင်ထောက်ကူ ၊ ဝန်ထမ်းအဆောက်အဦးများ လုံလောက်စွာချထား ပေးရန် လိုအပ် ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါသည် ကျေးရွာတွင် ကိုယ်ဝန်ဆောင်မိခင်များ အတွက် အရံသားဖွားဆရာမကိုသာ အားကိုးနေရပါသည်။

ကျန်းမာရေးကိစ္စရပ်များတွင် နီးစပ်ရာ ကျေးလက်ဆေးပေးခန်းမြို့နှင့် မနီးမဝေးတွင် တည်ရှိသောကြောင့်အချိန်မီသွားရောက်ကုသနိုင်ပါသည်။

ဂျင်ရဲမြောင်ကျေးရွာသည် အဝီစိတွင်းမှကိုသာ အဓိကထား သောက်သုံးရပါသောကြောင့် သောက်သုံးရေ ပြတ်လပ်မှုမရှိသော်လည်း နွေရာသီတွင် တိရစ္ဆာန်များသောက်သုံးရေအခက်အခဲအနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။

ကျေးရွာရှိ လူငယ်များသည် ဘာသာရေးလုပ်ငန်းများ ၊ လူမှုရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ်စာပေများ ပြည့်စုံစွာမရှိသည့်အတွက် အသိပညာဗဟုသုတများကြွယ်ဝစေမည့် စာပေများအား ထောက်ပံ့ပေးစေလိုပါသည်။ ကျေးရွာတွင် ဘောလုံးကွင်း၊ ခြင်းကွင်း၊ ဘော်လီဘောကွင်းများ ရှိသော်လည်း ကျွမ်းကျင်မှုမရှိသည့်အတွက် အားကစားဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပေးစေလို ပါသည်။

(ဆ) **အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်မွန်းအား ၊ သတင်းနှင့် ဆက်သွယ်မှု**

ဂျင်ရဲမြောင်ကျေးရွာသည် ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး မိုးတွင်းကာလတွင် မော်တော်ဆိုင်ကယ် ၊ ကား၊ လှည်း၊ နွားများကို အသုံးပြုသောကြောင့် ရွံ့ဗွက်များဖြင့် မကောင်းပါ။ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းပေးရန် လိုအပ်ပါသည်။

ဂျင်ရဲမြောင်ကျေးရွာသည် မဟာဓာတ်လိုင်းမှ လျှပ်စစ်မီးကို ကောင်းစွာသုံးစွဲလျက်ရှိပါသည်။ကျေးရွာ၏ (၄%)သာ လျှပ်စစ်မီးသုံးစွဲနိုင်ခြင်း မရှိပါ။ ထိုမိသားစုများမှာလည်း အဆင်မပြေသော မိသားစုများ ဖြစ်ကြပါသည်။

မိုဘိုင်းဖုန်းဆက်သွယ်ရေး စျေးကွက်နှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုကြပါသည်။ တစ်ရွာလုံး အတိုင်းအတာအားဖြင့် သတင်းအဆက်အသွယ် အချက်အလက်များ အသင့်အတင့် ကောင်းမွန်ကြောင့် သိရပါသည်။

ဂျင်ရဲမြောင်ကျေးရွာရှိ လူငယ်များသည် သဘာဝဘေးအန္တရယ်များနှင့် မီးဘေးအန္တရယ် ကင်းဝေးစေရေးအတွက် မီးကင်းလှည့်ခြင်း ကျေးရွာလုံးခြုံရေးကင်းလှည့်ခြင်းများကို ဆောင်ရွက်ရပါသည်။ မီးဆိုသည်မှာ တကယ်တွေ့ကြုံ

လာလျှင် မလွယ်ကူသောကြောင့် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မီးသတ်ကားများ မီးသတ်ရုံးများ လျာထားဆောင်ရွက်ပေးလိုပါသည်။

(၈) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ**

(၁) **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ကျင်ရဲမြောင်ကျေးရွာရှိ လူဦးရေ၏ ၇၀%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ လူငယ်ပညာတတ်များနှင့် ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်း မွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုဘျအားဖြင့် ကောင်းမွန်ပြီး ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးကုသမှုများအတွက် မြို့နယ်ဆေးရုံသို့ သွားရောက်ဆေးကုသနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပုံပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် အသင့်အတင့် အနေအထားတွင် ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် ယာ ၊ ဥယျာဉ် ၊ ကိုင်း ၊ ကျွန်းမြေများသည် မြေဆီဩဇာအသင့်အတင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာမြေထွက်ကုန်များကို အလွယ်တကူ ပို့ဆောင်နိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာရှိ အိမ်များတွင် ခိုင်းနွားများသာမက တပိုင်တနိုင် စီးပွားဖြစ်နွားများကိုလည်း မွေးမြူကြသည်။ နွားများစာ ပေါများစေရန် အတွက်လည်း နှံစားပြောင်းများကို တိုးချဲ့စိုက်ပျိုးလာပါသည်။ မွေးမြူရေးအတွက် အလားအလာ ကောင်းများရှိသော်လည်း မွေး/ကုဦးစီးဌာနမှ နည်းပညာသင်တန်းများ ဖွင့်လှစ်ရန် လိုအပ်သည်။

(၂) **အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျင်ရဲမြောင်ကျေးရွာတွင် စီမံအုပ်ချုပ်မှုကဏ္ဍအနေဖြင့် ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား

ချိတ်ဆက်ဆောင်ရွက်မှု ၊ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှု ရှိသည်ကိုတွေ့ရသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နှမ်း ၊ ပဲစဉ်းငုံ ၊ ဝါ ၊ ပဲကြီး ၊နှံစားပြောင်း၊ မြေပဲ ၊ ကုလားပဲများ စိုက်ပျိုးသော်လည်း နှစ်စဉ်ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံအထွက်နှုန်းကျဆင်းလျက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ရန်အတွက် ငွေကြေးမလုံလောက်မှုကြောင့် ချေးငွေယူ၍ လုပ်ကိုင်ကြရသည်။ လုပ်သားရှားပါးမှုများလည်း တွေ့ရသည်။ ပဲကြီးနှင့် နှမ်းသီးနှံများတွင် ဖျက်ပိုးများ ကျရောက်မှု ပိုမိုတွေ့လာရပြီး ယင်းဖျက်ပိုးသည် အချို့ပိုးသတ်ဆေးများကို ခံနိုင်ရည်ရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်စွာ နှိမ်နင်းသည့် နည်းစနစ်ကို လိုလားကြသည်။ စိုက်ပျိုးရေးစရိတ် အတွက် ပုံစံ(၇)ရှိမှသာ ထုတ်ချေးပေးသောကြောင့် တောင်သူများအနေဖြင့် ပြင်ပမှ အတိုးနှုန်းကြီးစွာ ချေးယူနေရသည်။ ကျေးရွာ အနေဖြင့် စိုက်ပျိုးရေးနှင့် သွင်းအားစုများအတွက် အလွယ်တကူ ရရှိနိုင်ရေး အကူအညီ လိုအပ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်သော အစီအစဉ်မရှိသေးပါ။ တောင်သူအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်သော အထောက်အပံ့များ ရရှိရန် လိုအပ်လျက်ရှိသည်။

ကျေးရွာအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအနည်းငယ်သာ ရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း ၊ နည်းပညာ နှင့် အထိအတွေ့နည်းပါးပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး အသက်မွေးဝမ်းကျောင်းပညာများ သင်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

ငွေရေး ၊ ကြေးရေးနှင့် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူများနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွား

ရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့်ချေးငွေ လိုအပ်လျက်ရှိပါသည်။

မင်းလှမြို့နယ်၊ကုန်းကြီးကျေးရွာအုပ်စု ၊ ဂျင်ရဲမြောင်ည ကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**လမ်းတံတားနှင့်လျှပ်စစ်**					
	-ရွာတွင်းလမ်းများ	- မြေသားလမ်းဖြစ်နေခြင်း	- ကျေးရွာလူထုမှလုပ်	လမ်းမြေနေရာလုံလောက်	ရွာတွင်းလမ်းကွန်ကရစ်ခင်း	-ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း
	မကောင်းခြင်း	- ရှုံ့ပွက်များထူနေခြင်း	အားနှင့်ငွေကြေးထည့်	စွာပေးနိုင်ခြင်း	ခြင်း	-ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း
			ဝင်နိုင်ခြင်း			
၂	**ကျန်းမာရေး**					
	-ကျန်းမာရေးဆေးပေးခန်းမရှိ	-အရေးပေါ်လူနာများ	-ဆေးပေးခန်းဆောက်		-ကျန်းမာရေးဦးစီးဌာနသို့	-ကျန်းမာရေးဆေးပေးခန်းတင်ပြ
	ခြင်း	အသက်အန္တရာယ်စိုးရိမ်ရ	ရန်မြေနေရာရှိခြင်း		တင်ပြတောင်းခံခြင်း	
		ခြင်း				
၃	**ပညာရေး**					
	-ကလေးသူငယ်များ	-ကျောင်းဆောင်လုံလောက်မှု	-ကျေးရွာမှ လုပ်အားပါဝင်		-ပညာရေးဌာနအား	-ကျောင်းဆောင်သစ်တည်ဆောက်
	ပညာသင်ကြားရန် နေရာ	မရှိခြင်း	နိုင်ခြင်း		လိုအပ်ချက်များတောင်း	ခြင်း
	လုံလောက်မှုမရှိခြင်း				ခံခြင်း	
၄	**အခြားအဆောက်အဦ**					
	- ကျောင်းသားလူငယ်များ	- စာကြည့်တိုက်မရှိခြင်း	- ကျေးရွာမှ လုပ်အားပါဝင်		- သက်ဆိုင်ရာဌာနသို့ တင်ပြ	- စာကြည့်တိုက်တည်ဆောက်ခြင်း
	စာပေဗဟုသုတနည်းပါးခြင်း		နိုင်ခြင်း		တောင်းခံခြင်း	

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၅	**ရေရရှိရေး**					
	-ကျေးရွာတွင်း သန့်ရှင်းသော	-ရေပေးဝေရေးစနစ်မရှိခြင်း	- ကျေးရွာမှ လုပ်အားပါဝင်			-ကျေးရွာတွင်း ရေပိုက်လိုင်းသွယ်
	သောက်သုံးရေ လုံလောက်စွာ		နိုင်ခြင်း			တန်းခြင်း
	မရရှိခြင်း					

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁	၅	၆		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၂	၁၂	၂၄		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၈	၂၂	၅၀		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသား အရွယ်	၃၀	၁၈	၄၈		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၄၉	၂၅၈	၅၀၇	၃	၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄	၈	၁၂	၁	
စုစုပေါင်း		၃၂၄	၃၂၃	၆၄၇	၄	၂
စုစုပေါင်း အိမ်ထောင်စု		**၁၇၂**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဂျင်ရဲမြောင်ကျေးရွာသည် အိမ်ထောင်စုပေါင်း (၁၇၂)စုရှိပြီး လူဦးရေ (၁၃၀၈)ဦးရှိပါသည်။ အလုပ်မလုပ်နိုင်သော အရွယ်ကလေး သက်ကြီးရွယ်အိုများ၏ အရေအတွက် နည်းပါးပြီး အလုပ်လုပ်နိုင်သည့် အရေအတွက်များပြားသည့်အတွက် ကျေးရွာ၏ လူမှုစီးပွားတိုးတက်မှု အလုပ်အကိုင် အခွင့်အလမ်းများရှိပါက အဆင်ပြေမည်ဟု လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂၀	၃၅				၁၆	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၀	၄၆				၇၅	မြင့် ☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၈				၁၁	မြင့် ☐ လတ်☑ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်							မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	သမား / ဝန်ထမ်း							လက်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	၁	၁	၁		၁		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☑ နိမ့်☐
	အလုပ်							မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	သမား / ဝန်ထမ်း							လက်☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လက်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လက်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လက် နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လက်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လက်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လက်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လက်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လက်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း			-				မြင့် □လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၂					မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ပညာရေး							
၁၇	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	ကျန်းမာရေး							
၁၈	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐လတ်☐ နိမ့် ☐
	လူမှုရေး လုပ်ငန်းများ							
၁၉	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
၂၀	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား/ ကျပန်း / ရာသီအလိုက်	၁၁၇	၁၂၈				၁၄၈	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း		၂၁၇				၂၅၀	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လို သူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“**စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။ ဂျင်ရဲမြောင်ကျေးရွာသည် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သော်လည်း မြေဆီလွှာ ကောင်းမွန်မှုမရှိခြင်းနှင့် မိုးခေါင်သည့်အတွက် ကျေးရွာနေထိုင်သူများမှာ ကျဘမ်းလုပ်ကိုင်သူများ အများအပြားရှိပြီးရှိပါသည်။ ပြည်တွင်းပြည်ပသို့ သွားရောက်သူများလည်း ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀		

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၅၀၀၀	၅၀၀၀		
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၁၀၀၀၀		
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျပန်းအလုပ်သမားများ၏ တစ်ရက်ဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး တစ်ရက်ဝင်ငွေသည် (၅၀၀၀)ကျပ်ရရှိပြီး အခြားကြံ့ရာကျပန်းလုပ်ကိုင် သူများ၏ တစ်ရက်ဝင်ငွေသည် ပုံမှန်မရှိသည့်အတွက် အခက်အခဲများ ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၆၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၆၀	ကောင်း ☐	သင့်☐	ညံ့ ☑
မြေလွတ်မြေလပ်	၈၀	ကောင်း ☐	သင့်☐	ညံ့ ☑
စုစုပေါင်း	၂၂၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုး ကြောင့်စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင် သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျင်ရဲမြောင်ကျေးရွာတွင် လယ်မြေမရှိပါ။ ယာမြေ(၆၅)ဧကော စာကျက်မြေ (၈၀)ဧကနှင့် မြေလွတ်မြေလပ် (၈၀)ဧကရှိပါသည်။ တောင်သူများ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ အသင့်အတင့် အနေအထားတွင် တည်ရှိပြီး မြေဆီလွှာအရည်အသွေးမှာ ညံ့သည့်အတွက် မြေလွတ်နှင့် စာကျက်မြေမှာ များပြားကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☑ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ်☐ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း -

ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးတွင် သဘာဝသယံဇာတမထွက်ရှိပါ။ သဘာဝအပင်မျိုးစေ့များနှင့် သဘာဝတိရစ္ဆာန်မျိုးစေ့များမှာ အနည်းငယ်သာ တွေ့ရှိရပါသည်။ ချောင်းနှင့် တွင်းတိမ်များမှ ရေအသင့်အတင့်ရှိသည့်အတွက် ရေကောင်းရေသန့် အသုံးပြုပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၀	၆၀	၆၇	၂၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဂျင်ရဲမြောင်ကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု(၂၀%) ၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၆၀%)၊ မပြေလည်အိမ်ထောင်စု(၆၇%)နှင့် အလွန် မပြေလည်သောအိမ်ထောင်စု(၂၅%)ရှိပါသည်။ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်အပြေလည်သောအိမ်ထောင်စုမှာ မြေယာပိုင်ဆိုင်မှု မရှိသည့်အတွက် ကျပန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုလျက်ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____ _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ _____ ချေးယူ =_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ -

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက်	၄	၈	၁၂
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၂	၄	၆
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သက်ကြီးရွယ်အို (၁၂)ဦးနှင့် မသန်းစွမ်း(၆)ဦးရှိသော်လည်း အတူနေ မိသားစုဝင်များနှင့် ရပ်ရွာမှ ဝိုင်းဝန်းစောင့်ရှောက်လျက်ရှိပါသည်။ ကူညီစောင့်ရှောက်မှုအတူ လိုအပ်သူများ မရှိပါ။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	Â			Â		
၂	လျှပ်တပြတ်ရေကြီးခြင်း	Â			Â		
၃	မုန်တိုင်းဒီရေ	Â			Â		
၄	ဆူနာမီ	Â			Â		
၅	တိုင်ဖုန်းမုန်တိုင်း	Â			Â		
၆	လေဆင်နာမောင်း	Â			Â		
၇	ငလျင်	Â			Â		
၈	အပူလှိုင်း	Â			Â		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	Â			Â		
၁၀	အအေးလှိုင်း	Â			Â		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၁	မိုးသီးကြွေကျမှု	Â			**Â**		
၁၂	မိုးခေါင်ခြင်း		Â			**Â**	
၁၃	တောမီးလောင်ခြင်း	**Â**			**Â**		
၁၄	မြစ်ကမ်းပါးပြိုခြင်း	**Â**			Â		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	Â			Â		
၁၆	မြေပြိုခြင်း	Â			**Â**		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		**Â**			**Â**	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	**Â**			**Â**		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		**Â**			Â	
၂၀	သစ်တောပြုန်းတီးခြင်း	**Â**			Â		
၂၁	ငှက်ဖျားရောဂါ	Â			**Â**		
၂၂	တီဘီရောဂါ	Â			Â		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	Â			**Â**		
၂၄	ကပ်ရောဂါ	Â			**Â**		
၂၅	ပြည်တွင်းပဋိပက္ခ				Â		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	Â			**Â**		
၂၇	လူကုန်ကူးခြင်း	Â			Â		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	Â			**Â**		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင် ၅၀အိမ်ထောင်စုအထက် – မြင့်) လေ့လာတွေ့ရှိချက်။။။ **ကျင်ရဲမြောင်**ကျေးရွာရှိ ကျေးရွာသူ/သားများ အနေဖြင့် ထိခိုက်လွယ် အမျိုးအစား ရောဂါ ကျရောက်မှု နည်းပါးသည်ကို တွေ့ရှိရပါသည်။ ရာသီတုပ်ကွေးရောဂါ အဆင့်လောက်သာရှိပြီး တိရစ္ဆာန် ရောဂါအနေဖြင့်လည်း မွေးတိကုများဖြင့် တိုင်ပင်ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		Â			Â	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု						
၃	ဆင်းရဲသားတောင်သူ			Â			Â
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ		Â			Â	
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			Â			Â
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ			Â			Â

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည် တို့သည်မည်သို့သောအခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ လူငယ်များသည် မိဘအုပ်ထိန်းမှုအောက်တွင် တည်ရှိသော်လည်း တစ်ချို့မှ ပြည်တွင်း/ပြည်ပဒေသများသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ အမျိုးသမီး အိမ်ထောင်စုများသည် ပုံမှန်အလုပ်မရှိနိုင်ခြင်း အခြေခံစားသောက်ကုန်ဈေးနှုန်း မြင့်မားခြင်း မြေယာမဲ့ ဆင်းရဲသားတောင်သူများ ဖြစ်သောကြောင့် ထိခိုက်လွယ်မှုများပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁□၂☑၃□				ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၂	ကျောင်းကော်မတီ	၁□၂☑၃□				ပညာရေး☑ ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□သင့်☑ ညံ့□
၃	မြစိမ်းရောင်	၁□၂☑၃□				ပညာရေး□ငွေကြေး☑ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၄	မီးကော်မတီ	၁□၂□၃☑				ပညာရေး☑ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၅	ကျေးရွာဖွံ့ဖြိုးရေး	၁□၂□၃□				ပညာရေး☑ငွေကြေး☑ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၆	သမ	၁☑၂□၃□				ပညာရေး☑ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၇	လူငယ်	၁□၂□၃□				ပညာရေး□ဌေကြေး□ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ညှံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ဌေစုဌေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဖွဲ့အစည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အဖွဲ့အစည်းအသီးသီးမှ မိမိကဏ္ဍအလိုက် ဆောင်ရွက်ကြသဖြင့် ပညာရေး၊ ကျန်းမာရေး၊ သာသာရေး၊ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လာနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (**ဥပမာ - သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်**)

တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ဂျင်ရဲမြောင်ကျေးရွာတွင်ပြင်ပအဖွဲ့အစည်းများအနေဖြင့်ကျေးရွာဖွံ့ဖြိုး တိုးတက်

ရေး လုပ်ငန်းများအတွက် လိုအပ်ပါကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၁၀		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၀		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၆		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၅		တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၁၇၂		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာပိုင်ဆိုင်သူ အနည်းငယ်သာရှိပြီး မြေယာမဲ့ လက်လုပ်လက်စား သမားအများအပြား တွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□အပြောင်းအလဲမရှိ□

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ□		
၅	အဝိစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□အပြောင်းအလဲမရှိ□
၆	လက်ငင်ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ရေသွင်းစိုက်ပျိုးဧရိယာမရှိပါ။ ဆောင်းသီးနှံအဖြစ် ကြက်သွန်းအနည်းငယ်သာ စိုက်ပျိုးကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
နှမ်း	၄၅	တင်း	၃	၆	၄	မေ	စက်တင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
ဝါ	၁၅	တင်း	၁၅	၁၅၀	၇၀	ဩဂုတ်	နိုဝင်ဘာ	မြင့်□လတ်☑နိမ့်☑	မြင့်☑လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ကြက်သွန်	၅	ပိဿ	၅၀	၁၀၀	၂၀၀	ဩဂုတ်	စက်တင်ဘာ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နှမ်း၊ဝါနှင့် ကြက်သွန်များ အဓိကစိုက်ပျိုးသူရှိကြောင်း တွေ့ရှိရပါသည်။။ရာသီဥတုဖောက်ပြန်၍ ထွက်နှုန်းလျော့ကြခြင်း လေလွင့် ဆုံးရှုံးမှုများခြင်းတို့ ခံရသည်ကို တွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၂			၃၀
လက်တွန်းထွန်စက်				
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၇			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျင်ရဲမြောင်ကျေးရွာ၏ စိုက်ပျိုးရေးအတွက် ထွန်စက်များဖြင့် အများဆုံးစိုက်ပျိုးနေသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ကျန်ရှိသော လယ်ယာသုံးကိရိယာများ လိုအပ်ကြောင်းတွေ့ရှိ

ရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

